# အမွေအနှစ်ပျက်စီးမှု အမြန်ဆန်းစစ်ချက်မပြုလုပ်မီလိုက်နာသင့်သည့် လုံခြုံမှုဆိုင်ရာလမ်းညွှန်ချက်များ

အမွေအနှစ် အပျက်အစီးများအား မှတ်တမ်းတင်မှုမပြုလုပ်မီ ဤလမ်းညွှန်ချက်အားလုံးကို သေချာစွာဖတ်ရှုပါ။ သင့်ဘေးကင်း လုံခြုံရေးသည် အရေးအကြီးဆုံးဖြစ်သည်။

**မည်သည့် အခြေအနေတွင်မဆို အန္တရာယ်ရှိနိုင်သော ဧရိယာများအတွင်းသို့ မဝင်ရောက်ပါနှင့်။**

## ၁။ မှတ်တမ်းတင် မသွားရောက်မီ ကြိုတင်ပြင်ဆင်မှုများ

အမာခံဦးထုပ်နှင့် ဘွတ်ဖိနပ် တို့ကိုဝတ်ဆင်ထားသင့်သည်။ နှာခေါင်းစည်း၊ ဓာတ်မီး၊ ဖုန်း နှင့် ရေသန့်ဗူးများကို ယူဆောင်သွားပါ။

အားသွင်းပြီးသော ဆဲလ်ဖုန်း နှင့် အရန်ဘက်ထရီ (Power Bank) များကိုယူဆောင်သွားပါ။

GPS စက်ပစ္စည်း ရှိလျှင် သို့မဟုတ် တည်နေရာမျှဝေနိုင်သည့် စမတ်ဖုန်းအပလီကေးရှင်းများ ကိုသိလျှင် ယူဆောင်ခြင်း (သို့မဟုတ်) ဖုန်းအတွင်းကြိုတင် သွင်းထားခြင်း (Install) များပြုလုပ်ပါ။

တစ်ဦးထဲ စစ်ဆေးခြင်းထက် အနည်းဆုံး နှစ်ဦးမှသုံးဦးပါသော အဖွဲ့ဖြင့် လုပ်ဆောင်သင့်သည်။

ပျက်စီးမှုများ စစ်တမ်းကောက်ရန် အစီအစဉ်ရှိပါက နေအိမ်မှမထွက်ခွါမီ မိသားစု၊ မိတ်ဆွေ (သို့မဟုတ်) သူငယ်ချင်းများအား မိမိသွားရောက်မည့် နေရာ (များ) အား ကြိုတင် ပြောကြား ထားသင့်သည်။

အရေးပေါ်အခြေအနေအတွက် စေတနာ့ဝန်ထမ်းများ၊ အရေးပေါ်တုံ့ပြန်ရေး ဝန်ထမ်းများနှင့် ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်စာရင်းကို မိမိဖုန်းတွင်ဖြစ်စေ၊ မှတ်စုစာအုပ်တွင်ဖြစ်စေ မှတ်သားထားပါ။

အပလီကေးရှင်းတွင် ဒေတာဖြည့်သွင်းမှုမပြုမီ လုံခြုံရေးအချက်အလက်များကို ပြန်လည် စစ်ဆေးပါ။

## ၂။ စာရင်းမကောက်မီ လုံခြုံရေးလုပ်ငန်းစဉ်များ

### (က) လုံခြုံရေးအကဲဖြတ်ခြင်း

အန္တရာယ်ရှိသည်ဟုထင်သည့် မည်သည့်အဆောက်အအုံ ကိုမဆို မဝင်ရောက်ပါနှင့်။

အောက်ပါအခြေအနေများ တွေ့ရှိပါက ဝင်ရောက်စစ်ဆေးခြင်း မပြုလုပ်ပါနှင့်။

- ပျက်စီးနေသော သို့မဟုတ် တိမ်းစောင်းနေသော နံရံများ၊
- တိမ်းစောင်းနေသော သို့မဟုတ် ပြိုကျနေသော အမိုးများ၊ မျက်နှာကျက်များ
- တိုင်များနှင့် ယက်မများ ပြိုလဲနေခြင်း
- လျှပ်စစ်ကြိုး၊ ဓာတ်ငွေ့ သို့မဟုတ် ရေပိုက်လိုင်းများ ပျက်စီးနေခြင်းနှင့်
- ရေကြီး (သို့) မြေပြိုမှုများ

မည်သည့်အဆောက်အအုံကိုမျှ မဝင်ရောက်မီ ပြုတ်ကျနိုင်သည့် အစိတ်အပိုင်းများ ရှိမရှိ စစ်ဆေးပါ။

အန္တရာယ်ရှိသော ပိုးမွှားများ၊ အဆိပ်ရှိသောအကောင်များ (ကင်းမလက်မဲ၊ မြွေ အစရှိသည့်တို့) ရှိ၊ မရှိ စစ်ဆေးရန်နှင့် အမြဲသတိပြုပါ။

အက်ကွဲနေသော နေရာများ သို့မဟုတ် ပျက်စီးနေသော ဖွဲ့စည်းပုံအစိတ်အပိုင်းများ၊ အတားအဆီးများကိုအမြဲ သတိပြုပါ။

အကယ်၍ ဓာတ်ငွေ့ယိုစိမ့်မှု၊ မီးလောင်မှုအန္တရာယ် သို့မဟုတ် အခြားစိုးရိမ်ဖွယ်ရာများရှိပါက ဒေသခံအာဏာပိုင်များကို အသိပေးပြီး အတွင်းသို့ မဝင်ရောက်ပါနှင့်။

**(ခ) ကနဦးတည်ဆောက်မှုဆိုင်ရာ အကဲဖြတ်ခြင်း**

အဆောက်အအုံကို မဝင်ရောက်မီ၊ ပြင်ပမှနေ၍ အဓိကတည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများကို စစ်ဆေးပါ။

အန္တရာယ်သတ်မှတ်ချက် သတိပေးဆိုင်းဘုတ်များကို နားလည်သိရှိပါ။ ဥပမာ၊ အနီရောင်ကြိုးတားထားခြင်း = အန္တရာယ်ကြီး၊ ဝင်ရောက်ခြင်းမပြုရ။

နောက်ဆက်တွဲ ငလျင်များကြောင့် မိမိစစ်ဆေးနေသည့် အဆောက်အအုံသည် အချိန်မရွေး ပြိုကျနိုင်သည်ကို အမြဲသတိရှိပါ။

**(ဂ) ဝင်ရောက်ခွင့်လမ်းကြောင်းများ သတ်မှတ်ခြင်း**

အဆောက်အအုံအတွင်းသို့ ဝင်ထွက်ရန် လုံခြုံသော လမ်းကြောင်းများကို ကြိုတင်စဉ်းစားထားပါ။

အဖွဲ့နှင့်ဆောင်ရွက်ပါက အရေးပေါ်ထွက်ပေါက်များနှင့် စုရပ်နေရာများကို ကြိုတင် သတ်မှတ်ထားပါ။

အဆောက်အအုံအတွင်းသို့ ဝင်ရောက်စစ်ဆေးလျှင် ထွက်ခွာရန် အချိန်ကန့်သတ်ချက် (၁၅မိနစ်) ကို ကြိုတင်သတ်မှတ်ပြီး နာရီတွင် အချိန်မှတ်ပါ။

## ၃။ စစ်ဆေးနေစဉ် လုံခြုံရေးလုပ်ထုံးလုပ်နည်းများ

### (က) စစ်ဆေးရေးနည်းလမ်းများ

အန္တရာယ်အနည်းဆုံးဧရိယာမှ စတင်၍ သုံးသပ်ပါ။ အနည်းဆုံး မှ အန္တရာယ်အများဆုံးအထိ လုပ်ဆောင် သွားပါ။

ခြေလှမ်းအပြည့် မလှမ်းမီ ကြမ်းပြင် သို့မဟုတ် အဆောက်အအုံဖွဲ့စည်းပုံ၏ တည်ငြိမ်မှုကို အမြဲတမ်းစစ်ဆေးပါ။

ပျက်စီးနေသော အစိတ်အပိုင်းများအောက်တွင် မရပ်ပါနှင့်။

တစ်ကြိမ်လျှင် အခန်းတစ်ခန်းသာ စစ်ဆေးပြီး၊ တစ်ကြိမ်လျှင် လူနှစ်ဦးထက် ပို၍ မဝင်ပါနှင့်။

### (ခ) ဆက်သွယ်ရေးဆိုင်ရာလမ်းညွှန်ချက်များ

စစ်ဆေးနေစဉ် အဖွဲ့ဝင်များအကြား ၅မိနစ်တစ်ကြိမ် အသံပေး၍သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မှုပြုလုပ်ပါ။

မိမိဆက်သွယ်သည့်လူသည် တုန့်ပြန်မှုမရှိခဲ့ပါက ချက်ချင်းလုံခြုံရေးဆိုင်ရာ အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ပါ။

### (ဂ) အရေးပေါ်အခြေအနေများ တုံ့ပြန်ခြင်း

လေထဲတွင် ဖုန်မှုန့် ရှိလာပါက နှာခေါင်းစည်းတပ်ဆင်ပြီး နေရာမှ ချက်ချင်းထွက်ခွာပါ။

အဆောက်အအုံမှ အသံများ သို့မဟုတ် ထပ်မံတုန်ခါမှုများ ခံစားရပါက ချက်ချင်းထွက်ခွာပါ။

လျှပ်စစ်ကြိုးများ၊ ဓာတ်ငွေ့သို့မဟုတ် ရေပိုက်လိုင်းပျက်စီးမှုများကို သတိထားစစ်ဆေးပါ။

ဝင်ရောက်စစ်ဆေးသည့်အခါတိုင်း ၁၅ မိနစ်ထက်ပိုမကြာစေရန် အချိန်မှတ်ပါ။

**၄။ အမွေအနှစ်ဆိုင်ရာ သတိပြုရန်အချက်များ**

**(က) အပျက်အစီးထပ်မဖြစ်သေရန် သတိပြုခြင်း**

ပျက်စီးလွယ်သော ရုပ်ကြွများနှင့် မျက်နှာပြင်များကို သတိပြုစစ်ဆေးပါ၊ အခြားပစ္စည်းများဖြင့် ပွတ်တိုက်ခြင်း၊ ထိခိုက်ခြင်းများမဖြစ်စေရန် ဂရုပြုပါ။

နံရံဆေးရေးပန်းချီများကို မထိခိုက်စေရန် ဂရုပြုပါ။ ပျက်စီးနေသော နံရံဆေးရေး၊ အင်္ဂတေ အစရှိသဖြင့် အစအနများကို မကောက်ယူရပါ။

မိုးရွာပြီးနောက် ရေနစ်မြုပ်မှုများ သို့မဟုတ် စိုထိုင်းဆများကြောင့် ဖြစ်ပေါ်နိုင်သော ထပ်ဆင့် ပျက်စီးမှုများကို မှတ်တမ်းတင်ပါ။

**(ခ) အမွေအနှစ်ပစ္စည်းများ ကာကွယ်ခြင်း**

လိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေးအတွက် အမွေအနှစ်ပစ္စည်းများ၏တည်နေရာကို တတ်နိုင်သမျှ မှတ်သား ထားပါ။

ရွှေ့ပြောင်းနိုင်သည့် အဖိုးတန်ပစ္စည်းများဖြစ်သော ဘုရားဆင်းတု၊ ရုပ်တုများ၊ ကျောက်စာများနှင့် အခြားပစ္စည်းများကို သက်ဆိုင်ရာသို့အကြောင်းမကြားသေးခင် ရွှေ့ပြောင်းခြင်းမပြုလုပ်ပါနှင့်။

အဖိုးတန် အမွေအနှစ်ပစ္စည်းများအား မသမာသူများခိုးယူနိုင်သည့်အတွက်ကြောင့် ၎င်းတို့၏ တည်နေရာကို လုံခြုံရေးအရ ထုတ်ဖော်ပြောဆိုခြင်း (သို့မဟုတ်) လူမှုကွန်ရက်တွင် ဖော်ပြခြင်းများ မပြုလုပ်ပါနှင့်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ (သို့မဟုတ်) ဘာသာရေး အဖွဲ့အစည်းများကို ချက်ခြင်းအကြောင်း၍ စနစ်တကျအပ်နှံပါ။

**(ဂ) အခြား သတိပြုရမည့်အချက်များ**

မိမိမှတ်တမ်းတင်မည့် အမွေအနှစ်သည် ပုဂ္ဂလိကပိုင်ဖြစ်ပါက ပိုင်ရှင်၏ခွင့်ပြုချက်တောင်းခံပါ။

ဘုရားပုထိုးစေတီများတွင် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမှလွဲ၍ ဖိနပ်ချွတ် ဝင်ရောက်ပါ။

ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် ပစ္စည်းများကို မလေးမစား မပြုလုပ်ရပါ။

လိုအပ်ပါက အမွေအနှစ်ပျက်စီးမှု မှတ်တမ်းယူနေကြောင်းကို ဘုန်းကြီး၊ ဒေသခံများနှင့် ဘာသာရေး ခေါင်းဆောင်များကို ကြိုတင်အသိပေးထားပါ။

ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ထားသော အမှတ်လက္ခဏာများ၊ ပစ္စည်းများကို လိုအပ်ပါက ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် ကိုင်တွယ်ရန် ခွင့်ပြုချက်တောင်းခံပါ။

## ၅။ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု

မှတ်တမ်းတင်နေစဉ်အတွင်း ပုံမှန်အနားယူရန်နှင့် ရေဓာတ်ဖြည့်တင်းရန် အရေးကြီးသည်။

အဖွဲ့ဝင်များ စိတ်ဖိစီးမှု (သို့မဟုတ်) ပင်ပန်းနွမ်းနယ်မှုများရှိပါက အနားပေးပါ။

တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်သန့်စင်ဆေးရည် အသုံးပြုပါ။ မှတ်တမ်းကောက်ယူမှု ပြီးသည့်နောက် လက်ကိုစင်ကြယ်စွာ ဆေးကြောပါ။ အဝတ်အစားများကိုလဲလှယ်ပါ။

မကောင်းသောအငွေ့အသက်ရှူလိုက်မိခြင်း၊ အရေပြားယားယံခြင်း၊ မျက်စိယားခြင်း အစရှိသည့် ရောဂါလက္ခဏာများရှိပါက ကျန်းမာရေးဝန်ထမ်းများထံတွင် အမြန်ပြသပါ။